
# ဒီမိုကရေစီ

## မုန့်ဟင်းခါး








ရှီးကောက်ပွဲ အကြောင်းကို ဆွေးနွေးနီကတ်စွာလာ ?
ဝေး ကောင်း မကပ် ကေ့လေ၊ ခွာခွာ ချေနီပလင်။
တောင်းပန်ပါရေ အခင်ကြီး။ အခင်ကြီးရို့ဆွေးနွေးနီကတ်တေ အကြောင်းအရာတို့ကို စိတ်ဝင်စားလားခမိလို့ပါရာ။


အရွယ်ရောက်ပြီးကတ်တေ လူတို့ ရှီးကောက်ပွဲအကြောင်း ဆွေးနွေးနီကတ်စွာ ဝေး ။
ကျွန်တော်လေ့ မကြာခင်မာ ၁၈ နှစ် ပြည့်ပါဖို့ဗျယ်။ မဲ ပီးရဖို့ပါဗျယ်။ ရှီးကောက်ပွဲတို့အကြောင်းကို သတင်စားထဲမာ ရှာဖတ်နီပါဗျယ်။
လူကြီးအုပ်စုရေ လူငယ်ချေ အောင်အောင်ကို အရေးတယူ မလုပ်ဘဲနန့်သူရို့တို့ ဆွေးနွေးနီကတ်တေ အကြောင်း အရာကိုရာ ဆက်လက်ပြီးကေ ဆွေးနွေးနီကတ်ပါရေ။
အောင်အောင်ရေ ခေါင်းငိုက်စိုက်ချပြီးကေ လမ်းလျှောက်လားခပါရေ။



အောင်အောင်သည် အိမ်သို့သာ ပြန်လာခဲ့သည်။ အိမ်တွင် အမေနှင့် အဘွားဖြစ်သူတို့ မီးဖိုခန်းထဲတွင် အလုပ်ရှုပ်နေကြသည်။
လက်ကို ချက်ချင်းဆေး သားချေ၊ ယင်းခါမှ ကိုဗစ်နိုင်တီး ကူးစက်စွာကို တားဆီးကာကွယ် နိုင်ဖို့ယေ။
ဟုတ်ပါရေ မေမေ သားသိပါရေ၊ အားကစားနန့်ကျန်းမာရေးဝန်ကြီးဌာနက လမ်းညွှန်ချက်တို့ကို သားဖကတ်ထားရေ။


လက်ဆီးစွာရေ လူတိုင်း အတွက် ကောင်းရေဆိုစွာ သားသိရေမနားနန်း၊ ဩော်... နီပါအုံးသိ သားကိုကြည့်ရစွာ တစ်ခုခုကိုအလိုမကျ ဖြိုက်နီပိုင် ဗျယ်ကာ၊ အပြင်မာ ဇာတို့ဖြိုက်ခလို့လဲ။
ရွာထဲက လူကြီးတို့နန့် ရှီးကောက်ပွဲအကြောင်းကို သားက ဆွေးနွေးချင်စွာ၊ ယင်းချင့်လေ့ လူတိုင်း ကောင်းဖို့အတွက်ဗျယ် မဟုတ်လား ?သားပြောချင်ရေ သားဇို့ထင်မြင်ယူဆချက်တို့က အရေးမကြီးရေပိုင် သူရို့က လုံးဝအရေးမလုပ်ကတ် လျစ်လျူရှုလိုက်ကတ်တေ။
အေဂုပိုင်ကြားရစွာ မေမေ စိတ်မကောင်းလိုက်တေပင် သားချေ။ ယေဒါလေ့စိတ် ခါတ်မကျကေ့ ငါ့သား၊ သားချေက မကြာခင်မာ အသက်(၁၈)နှစ်ပြည့်ပြီးကေ မဲပီးရဖို့ဗျယ်။ သားချေပီး လိုက်တေ မဲတစ်ပြားစွာလေ့ ထည့်သွင်းရေတွက်ခံရဖို့ ဗျယ်ဆိုစွာ မမိန့်လီကေ့ ငါ့သား။
သားသိပါရေ မေမေ၊ သားလေ့ သားဇို့ ထင်မြင်ယူဆချက်တို့ကို ပြန်ပြီးကေ ဝီမျှချင်လို့ပါရာ၊ လူကြီးတို့က နားထောင်မပီးကတ်ပါ။ ပြီးကေ သူရို့ပြောသိရေ ဒေကိစ္စက လူငယ်ချေတို့နန့်မဆိုင်လတ်။ သားလေ့ ရှီးကောက်ပွဲအကြောင်း၊ ကိုယ်စားလှယ်တို့ဇို့ တာဝန်နန့် ဝတ္တရားတို့အကြောင်းကို ဖတ်နီတုန်းသိပါ။ ရွာထဲမာဟိရေ လူငယ်တို့ဇို့ ဘဝတို့တိုးတက်အောင် ဇာပိုင်လုပ်ရဖို့လဲဆိုရေ စိတ်ကူးအိုင်ဒီယာတို့ သားမာအများကြီး ဟိပါရေ။
ယင်းပိုင်ပါဗျယ် တခြားလူတို့ မာလေ့ ဇာပိုင် စိုင်းစားထားစွာတို့ ဟိကတ်လေဆိုစွာကို သားအနေနန့် စိတ်ဝင်စားပါရေ။


သားနဲ့အမြင်ကတန်ဖိုးဟိလိုက်တေပင်၊ သားဘဝမာ ကိုယ့်နဲ့ ရည်ရွယ်ချက်တို့၊ ကိုယ့်နဲ့ အတွီးအမြင်တို့ကို တခြားလူတို့က အရေးတယူလုပ်စွာ မခံရရေအခါ သားအနေနန့် ပဖောင်ပိုင် ခံစားရဖို့လဲဆိုစွာကို မေမေနားလည်ပါရေဝေ။
မေမေက ဇာဖြို့က်လို့ နားလည်စွာပါလေ။
သား သိလာ၊ မေမေ့ဘဝမာ ကျောင်းတက်ဖို့၊ ပြီးကေ ကျောင်းဆရာမတစ်ယောက် ဖြို့က်ဖို့ ကောင်းကောင်းကြီးခက်ခဲ ခရေလေ။ လူတော်တော်များများမာ အဆိုးဖက်က ကြည့်မြင်တတ်တေ သဘောထားခံယူချက်တို့ ဟိကတ်တေ။
တစ်ခါတစ်လီ ကိုယ့်မိသားစုဝင်တို့ ထဲမာတောင် ဟိကတ်သိရေ။ မေမေဆိုကေလေ့ ကိုယ်ပြောချင်စွာကို ပြောခွင့်မရခ၊ ဖယ်ထုတ်ခံထားရရေလို့ စိတ်ထဲမာ မကြာမကြာခံစားခရရေ ငါ့သား။
ယင်းချင့် မေမေက အမျိုးသမီးဖြို့က်နီ လို့လား?
ဟုတ်တေ သားချေ။ မေမေရို့အတွက် ကောင်းကောင်းကြီး ခက်ခဲခရေပိုင်၊ သား အဘောင်သျှင်ပိုင် မသန်စွမ်းအမျိုးသမီးတစ်ယောက်အတွက် ဆိုကေ ပိုပြီးကေတောင် ခက်ခဲခရေ မနားယေ။


ယေကေလေ့ သားကတော့ကေ အဘောင်သျှင်ကို ချစ်တေ။ အဘောင်သျှင်က သားကို ဂရုစိုက်တေ၊ ပြီးကေ အဘောင်သျှင်ချက်တေ ရခိုင်မုန့်တီက အကောင်းဆုံးဗျာယ်။
သားအဘောင်သျှင်ကတော့ကေ ကောင်းကောင်းထူးခြားရေ အမျိုးသမီးတစ်ယောက်ဗျာယ်။ အဘောင်သျှင်ဘဝက ကောင်းကောင်းကြီး ခက်ခဲခရေ သားချေ။ နိန့်စိုင် ဘဝမာလည်း အတားအဆီးအဟန့်အတားတို့ အများကြီးကို ရင်ဆိုင်ကြုံတွိ ခရရေ။
ယေကေလေ့ သားရို့အားလုံး ရပ်ရွာထဲမာ အတူတူနီကတ်တေ၊ အားလုံးက တန်းတူဗျာယ်လေနန်း။



မေမေရို့အားလုံးရေ ရပ်ရွာလူထုထဲက လူတို့ဆိုကေလေ့ ဒေနိန့် သားကြုံတွိခရရေပိုင် ကိုယ့်ဖက်ကပြောဆိုဆွေးနွေးချင်စွာတို့ကို တစ်ခါတစ်လီ ပြောခွင့် မရကတ်သားချေ။
မုန့်စိမ်းပေါင်း . . .
မေမေ ဆိုလိုစွာ အဓိပ္ပာယ်ကို သား အေဂုပိုပြီးကေ နားလည်းဗျယ်ထင်ပါရေ မေမေ။


နေးလမ်းမျိုးစုံနန့် ဖယ်ထုတ်ခံထားရရေ သားမာ သူငယ်ချင်းတို့ ဟိကတ်လိမ့်မယ်။ ဇာဖြိုက်လို့လဲဆိုကေ သူရို့က မတူညီရေ လူမျိုးစုတို့ဖြိုက်နီရေ အတွက်ကြောင့်ရယ်၊ ကွဲပြားရေလိင်တိမ်းညွှတ်မှုတို့ကြောင့် ဗျယ်မနားယေ။ သူရို့ ကလေ့ ရွီးကောက်ပွဲတို့မာ ပါဝင်ဖို့ရပ်ရွာအစေးအဝေးတို့၊ အခမ်းအနားတို့မာပါဝင်ဖို့ အခွင့်အရေးတို့ ဟိကတ်တေ လေ။


သားနားလည်ပီမေမေ၊ အားလုံးအကျုံးဝင်တဲ့ လူအဖွဲ့အစည်း တစ်ရပ် ဖြစ်ပေါ်ဖို့ သားတို့အားလုံး လူတိုင်းရဲ့ အသံတွေကို ကြားနားဖို့ နားထောင်ပေးဖို့ ကိုယ်စားပြုပေးဖို့ အသေအချာကို လုပ်ဆောင်ပေးရမှာ၊ ဒါဟာ လူသားတိုင်းရဲ့ ကောင်းကျိုး အတွက်ပဲ။
မှန်တောင်ကဖို့လားယေ ငါ့သား၊ မေမေရို့အားလုံး ဝိုင်းဝန်းကတ်ရဖို့။


တကယ်လို့ လူတို့ အားလုံးဘားက အသံ တို့ကို မေမေရို့နားမထောင်ခကတ်ဆိုလို့ ဟိက စိတ်ကူးအိုင်ဒီယာတို့အားလုံးကို မေမေရို့ဆုံးရှုံးကတ်ရဖို့။ ယေဒူနန့်ဆုံးဖြတ် ချက်ချကတ်တေအခါမှာ လူမှုဘဝတို့ကနီ ဇာသူ့ကိုလေ့ ဖယ်ထုတ်ထားစွာမျိုး မလုပ်သင့်ပါ သားချေ။


အဘောင်သျှင် ထမင်းဟင်းချက်စွာ ကျီလားဗျယ်။ အဘောင်သျှင်က လက်ဆီးပြီးကေ မြီးချေဖက်ကို လှည့်လာပါရေ။


မုန့်တီချက်စွာကိုရာ စိုင်းစားကြည့်ဖိ ငါ့မြီးချေ။ မုန့်တီချက်တေအခါ ပါဝင်ရေ ပစ္စည်းတို့ရာ စုံစုံလင်လင်မဟိဆိုကေ၊ ယင်း မုန့်တီရေ ကောင်းကောင်း ဖို့ကား မဟုတ်။
ယေကေလေ့ မုန့်တီထဲမာ ပါဝင်ရဖို့ ပစ္စည်းတို့အားလုံး စုံစုံလင်လင်ထည့်ချက်တေအခါ အလုပလု စားကောင်းထမန်း အရသာပြည့်စုံရေ ရခိုင်မုန့်တီတစ်ခွက် ဖြိုက်လားဖို့ မနားယေ ငါ့မြီးချေ။
ဒီမိုကရေစီကလေ့ ယင်းပိုင် အရသာပြည့်စုံရေ ရခိုင်မုန့်တီ တစ်ခွက်ပိုင် ဖြိုက်သင့်ရေ မနားယေ သားချေ။ မတူညီရေ လူအုပ်စုတို့အားလုံးကို ပါဝင် ကိုယ်စားပြုပြီးကေ၊ ပြည့်စုံ ကောင်းမွန်ရေ လူ့အဖွဲ့အစည်း တစ်ရပ်ဖြိုက်လာဖို့လေ နန်း။
အေနိန့် အားလုံးသူရို့နန့် အကျုံးပါဝင်မှုနန့် ပက်သက်တေ အရေးကြီးရေ သင်ခန်းစာ တစ်ခုကို သင်ယူလိုက်ရပါဗျယ် မေမေ၊ ကွဲပြားခြားနားရေ အတွေးအမြင်တို့ကို လက်ခံ စိုင်းစားပီးဖို့၊ ကိုယ်စားပြုပီးဖို့ ကောင်းကြောင်းကြီး အရေးကြီးပါရေ။
ဟုတ်တေ၊ ဒီမိုကရေစီဖြိုက်စဉ်တို့မာ ပါဝင်ခွင့်ရခြင်းရေ အခြီခံ လူ့အခွင့်အရေး တစ်ဗျယ် ငါ့ သားချေ။
မဲရုံသို့
ပြီး


# သင်နှင့် အခြားသူများအား Covid-19 ရောဂါအန္တရာယ်မှ ကာကွယ်လိုက်ပါ





သင်၏လက်ကို ဆပ်ပြာရေ(သို့)
လက်သန့်ဆေးရည်ဖြင့် မကြာခဏဆေးပါ




သင်၏မျက်စိ၊ နှာခေါင်းနှင့်ပါးစပ်ကို
လက်နှင့် ထိခြင်းမှရှောင်ကျဉ်ပါ




ချောင်းဆိုး၊ နှာချေသည့်အချိန်တိုင်း
အုပ်ထားပါ။ ပြီးနောက် လက်ကိုဆေးပါ




အခြားသူများနှင့် ၆ ပေအကွာတွင်
နေထိုင်ပါ




နှာခေါင်းစည်း တပ်ထားပါ




သင့်တွင် ရောဂါလက္ခဏာရှိပါက
ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများရယူပါ

#ဘေးကင်းလုံခြုံစွာဖြင့်တစ်ဦးနှင့်တစ်ဦးအဆက်အသွယ်မပြတ်နေထိုင်ပါ

JOJO

အတူတကွမဲပေးကြစို့


Australian Aid

Canada

DENMARK

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development
and Cooperation SDC

UKaid

USAID
FROM THE AMERICAN PEOPLE

IFES 30 Years